**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**(၂၇)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၁၈ ရက်)

(အင်္ဂါနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ်အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာ ယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၆၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၃၉) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ

၂၀။ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင် ပြပါမယ်။

ဦးစံထွန်း၊ ကချင်(၁၁)၊ အစည်းအဝေး။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ အစည်းအဝေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ အစည်းအဝေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ အစည်းအဝေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊အစည်းအဝေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ နံနက်ပိုင်းခွင့်၊ ဧရာဝတီ(၆)၊ လျှပ်စစ်ကိစ္စကြားနာရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်ကြည်၊ နံနက်ပိုင်းခွင့်၊ ရန်ကုန်(၈)၊ လျှပ်စစ်ကိစ္စ။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ပူးပေါင်းအစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကော်မတီ အစည်းအဝေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကော်မတီအစည်းအဝေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကော်မတီ အစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကိုလွှတ်တော် ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

### ရွှေသတ္တုထုတ်လုပ်မှုတွင် ဆိုင်ယာနိုက်(CN)ကို နည်းစဥ်တကျအသုံးပြု၍ တရားဝင်ထုတ်လုပ်ခွင့်ပြုရေး နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ (အတွင်းရေးမှူး၊ သတ္တုနှင့်သယံဇာတရေးရာကော်မတီ)က ရွှေသတ္တုထုတ်လုပ်မှုတွင် ဆိုင်ယာနိုက်(CN)ကို နည်းစဥ် တကျအသုံးပြု၍ တရားဝင်ထုတ်လုပ်ခွင့်ပြုရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးလှဆွေ (အတွင်းရေးမှူး၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ရွှေသတ္တုထုတ်လုပ်ရာတွင် ဆိုက်ယာနိုက်ကို နည်းစဥ်တကျ အသုံးပြု၍ တရားဝင်ထုတ်လုပ်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ရွှေထုတ်လုပ်မှုမှာ ပြဒါးနဲ့ ဖမ်းတဲ့နည်းနဲ့ ဆိုက်ယာနိုက်နဲ့ ထုတ်လုပ်တဲ့ နည်းဆိုပြီးတော့ နည်းလမ်း(၂)သွယ်ရှိပါတယ်။ ပြဒါးကတော့ မျက်မြင်ရွှေလို့ ခေါ်တဲ့ (Placer Gold) မြစ်၊ ချောင်းသဲသောင်များမှ ထုတ်လုပ်တဲ့ ရွှေကျင်တဲ့လုပ်ငန်းများမှာ သုံးတာဖြစ်ပါတယ်။ ကျောက်ဆောင်ထဲမှာတော့ ဗဟန်းများအတွင်းမှာ အောင်းဝင်နေတဲ့ ကျောက်ရွှေကို (Primary Gold)လို့ ခေါ်ပြီးတော့ ကျောက်များနဲ့ရောပြီး အမှုန့်ဖြစ်အောင်ကြိတ်ပြီးတော့ အဲဒီရွှေကို ပြန်လည်ထုတ်ယူရတာ ဖြစ်ပါတယ်။ ဒီ ကျောက်ရွှေကိုတော့ ဆိုက်ယာနိုက် အသုံးပြုပြီးတော့ ထုတ်လုပ်မှသာလျှင် ပြန်ရနိုင်တာ ဖြစ်ပါတယ်။ သို့ရာတွင် ယနေ့ ကျွန်တော်တို့နိုင်ငံမှာ ဆိုက်ယာနိုက်ကို ရွှေထုတ်လုပ်ခြင်းကို ဆိုက်ယာနိုက်နဲ့ အသုံးပြုခြင်းကို တားမြစ်ထားပါတယ်။ တရားဝင်ခွင့်ပြုခြင်း မရှိပါဘူး။ ခြွင်းချက်အနေဖြင့် သတ္တုတွင်းဝန်ကြီးဌာနရဲ့ ရွှေချက်စက်ရုံရှိတဲ့ ကျောက်ပုထိုး လုပ်ငန်းမှာတော့ ဆိုက်ယာနိုက်ကို အသုံးပြုခွင့်ပေးထားကြောင်း ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။

ဒီလိုအန္တရာယ်ဖြစ်မှာ စိုးရိမ်စိတ်ကြောင့် တားမြစ်ထားတဲ့ ဆိုက်ယာနိုက်နည်းစဥ်မှာ စွန့်ပစ်သဲစာရေထဲမှာ ဆိုဒီယမ်ဆိုက်ယာနိုက်ဟာ အလွန်နည်းပါးစွာ (၀.၀၁၅)ရာခိုင်နှုန်းသာ ကျန်မှာဖြစ်ပါတယ်။ အဲဒီလောက်ကျန်မှုလည်း ရွှေထွက်လာမှာ ဖြစ်ပါတယ်။ ဒါကို သဲမြေစာ (၄၃)ဆ၊ ရေ (၅၇)ဆနဲ့ ပျော်ရေဖြစ်တဲ့အတွက် ချက်ချင်းလည်း ပိုက်နဲ့အပြင်ကို စွန့်ထုတ်လို့မရပါဘူး။ သူ့ကို စီးဆင်းနိုင်အောင် ရေနဲ့ဖျော်ပြီးမှ စွန့်ပစ်ရတာဖြစ်လို့ ရေနဲ့ဖျော်တဲ့အချိန်မှာ ဆိုဒီယမ်ဆိုက်ယာနိုက်ရဲ့ ပြင်းအားဟာ ထပ်မံလျော့ကျသွားပြီးတော့ တိုင်းလိုက်တဲ့အချိန်မှာ (၀.၀၀၁)ရာခိုင်နှုန်းပဲ ကျန်တာတွေ့ရပါတယ်။ ဒါကိုလည်း မြစ်၊ ချောင်းတွေထဲမှာ စွန့်ပစ်ခြင်းမပြုဘဲနဲ့ ကန်တူးပြီးတော့ ခြံခတ်ပြီးတော့မှ ဆိုက်ယာနိုက် ဂုဏ်သတ္တိလုံးဝပြယ်သွားအောင် ထုံးများပက်ဖျန်းပြီးတော့ လနဲ့ချီပြီးထားတဲ့ နည်းစဥ်ကို အသုံးပြုရင် ဆိုက်ယာနိုက်ကို လွယ်ကူစွာ အသုံးပြုနိုင်တာ ဖြစ်ပါတယ်။

ဆိုက်ယာနိုက်ကို အသုံးပြုတာဟာ ရွှေပြန်ရနှုန်း(Recovery) အကောင်းမွန်ဆုံးဖြစ်လို့ ဒီနည်းကို အသုံးပြုရခြင်း ဖြစ်ပါတယ်။ အခြားနည်းစဥ်များကို စမ်းသပ်ရှာဖွေသော်လည်း ဒီနေ့အထိ ကမ္ဘာပေါ်မှာ ဆိုက်ယာနိုက် ထုတ်လုပ်တဲ့နည်းစဥ်ကို မမီသေးကြောင်းတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်း လုပ်ကိုင်နေတဲ့လုပ်ငန်းရှင်များဟာ တရားဝင်ခွင့်ပြုချက် မရရှိသော်လည်းပဲ တရားမဝင်လုပ်ကိုင်နေကြတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် ဆိုက်ယာနိုက်ဟာ မူရင်းပေါက်ဈေး (၁)တန်ကို (၁၀)သိန်းလောက်တန်ပေမယ့်လို့ မှောင်ခိုဈေးကွက်မှာ (၁)တန်ကို သိန်း(၈၀)၊ တစ်ခါတလေ သိန်း(၁၀၀) အထိ ပေးဝယ်ရကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဆိုက်ယာနိုက်ကို လေဝင်၊ လေထွက် ကောင်းမွန်တဲ့

နေရာ၊ အက်စစ်နဲ့ဝေးတဲ့နေရာ၊ အစားအသောက်များနဲ့ဝေးတဲ့ နေရာမှာ စနစ်တကျ ထိန်းသိမ်းပြီးတော့ ကိုင်တွယ်အသုံးပြုသူများဟာလည်း လက်အိတ်တွေ၊ နှာခေါင်းစည်းတွေ စသည်ဖြင့် အသုံးပြုမယ်ဆိုရင် စွန့်ပစ်တဲ့မြေစာများကိုလည်း စနစ်တကျ ခြံခတ်သိုလှောင်ထားမယ်၊ ခုန ထုံးနဲ့ရောပြီးတော့ စွန့်ပစ်မယ်ဆိုရင် ပတ်ဝန်းကျင် မထိခိုက်အောင် ဆောင်ရွက်နိုင်ပါတယ်။ ရွှေပါ သဲစာပုံ (၁)တန်အပေါ်မှာ ဆိုက်ယာနိုက်ဟာ (၀.၀၃)ရာခိုင်နှုန်းသာ ထည့်သွင်းအသုံးပြုရတဲ့အတွက် အလွန်နည်းပါးစွာ၊ ပမာဏ နည်းစွာ သုံးရတာဖြစ်ပါတယ်။

အထက်ကတင်ပြခဲ့သလိုပဲ ဒီ ပျော်ရည်မှာ ချဉ်ငံဓာတ် အယ်လ်ကာလီ PH 10.5 အဆင့်ကို ချိန်ထားပေးမယ်ဆိုရင် ဒီနည်းစဉ်အတိုင်းထုတ်လို့ရှိရင် အဆိပ်ရှိတဲ့ ဓာတ်ငွေ့တွေလည်း ထွက်မလာနိုင်ပါဘူး။ ဒါကြောင့် ဆိုက်ယာနိုက်နဲ့ ရွှေထုတ်လုပ်ခြင်းကို ကမ္ဘာပေါ်မှာ ၁၉၆၉ ခုနှစ်ကတည်းက စပြီးတော့ စီးပွားဖြစ်ထုတ်လုပ်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရွှေကို အကျိုးရှိစွာ ထုတ်လုပ်နိုင်ဖို့ ဆိုင်ယာနိုက်နည်းစဉ်ကို တရားဝင် ခွင့်ပြုစေလိုပါတယ်။ ရွှေလုပ်ငန်းရှင်များကိုလည်း ဆိုက်ယာနိုက်နည်းစဉ် စနစ်တကျသုံးစွဲတတ်ဖို့ ဝန်ကြီးဌာနနဲ့ နိုင်ငံတော်ကနေ စနစ်တကျ သင်ကြားပေးစေလိုပါတယ်။ စနစ်တကျ ထိန်းသိမ်းနည်း၊ သုံးစွဲနည်း၊ စွန့်ပစ်နည်းတွေကို ပညာပေးနိုင်ပါတယ်။ ကြီးကြပ်နိုင်ပါတယ်။ အခုလည်း တရားဝင်ခွင့်မပြုဘဲနဲ့ တရားမဝင် သုံးစွဲနေတာ တွေ့ရတဲ့အတွက် နိုင်ငံတော်ရဲ့ အစီအမံနဲ့ တရားဝင်သုံးစွဲခွင့်ပြုဖို့ အထက်ပါ မေးခွန်း အား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေရဲ့ ရွှေထုတ်လုပ်မှုတွင် ဆိုင်ယာနိုက်(CN)ကို နည်းစနစ်တကျအသုံးပြု၍ တရားဝင်ထုတ်လုပ်ခွင့်ပြုရေးနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးမေးမြန်းခဲ့တဲ့မေးခွန်းမှာ ဆိုင်ယာနိုက်

အသုံးပြုရွှေထုတ်လုပ်မှု နည်းစဥ်နဲ့ပတ်သက်ပြီး အင်မတန်မှ အသေးစိတ်ကျနပြီး အင်မတန်ပြည့်စုံကောင်းမွန်သော ဗဟုသုတဖြစ်ဖွယ်မေးခွန်းတစ်ခုဖြစ်ပါကြောင်း ထပ်လောင်းပြီး အတည်ပြု ပြောကြားလိုပါတယ်။ ယခုလို သတ္တုတွင်းဝန်ကြီးဌာနရဲ့ကိုယ်စား ဖြေကြားခွင့်ရတဲ့အတွက်လည်း များစွာ ဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံမှာ ရွှေထုတ်လုပ်တဲ့အခါမှာ ဆိုင်ယာနိုက်ကို စနစ်တကျကိုင်တွယ်၊ ထားသို၊ သုံးစွဲ၊ စွန့်ပစ်မှုများ အားနည်းနေတဲ့အတွက် သတ္တုတွင်းဝန်ကြီးဌာနရဲ့ ၁၀-၁-၂၀၀၀ ရက်စွဲပါစာအမှတ်၊ ၂၆-အဖွဲ့ခွဲ(၂)/၂၀၀၀ ဆိုင်ယာနိုက်ဖြင့် ဆိုင်ယာနိုက်ဓာတ်ဆေး အသုံးမပြုရေးနှင့် ခွင့်ပြုချက်မရှိဘဲ ဆိုင်ယာနိုက်အသုံးပြု၍ ရွှေထုတ်လုပ်မှုများ ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိရပါက မြန်မာ့သတ္တုတွင်းဥပဒေအရ ထိရောက်စွာ အပြစ်ပေးအရေးယူခြင်း ခံရမည် ဖြစ်ပါကြောင်း ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ထပ်မံပြီး ၂-၁၁-၂၀၀၄ ရက်စွဲပါစာအမှတ်၊ ၁-အဖွဲ့ခွဲ(၂)/၂၀၀၄ ဆိုင်ယာနိုက်ဖြင့် ဆိုင်ယာနိုက်လုံးဝမသုံးစွဲရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနမှ သတ္တုတွင်းလုပ်ငန်းဌာနများသို့ လိပ်မူပြီး ပြည်နယ်နှင့်တိုင်းများသို့ မိတ္တူပေး၍ ညွှန်ကြားချက်များ ထုတ်ပြန်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်းဌာနများမှလည်း ကုမ္ပဏီများသို့ ဆိုင်ယာနိုက် မသုံးစွဲရေးညွှန်ကြားချက်များ ထုတ်ပြန်၍လည်းကောင်း၊ စာချုပ်များမှာ ထည့်သွင်းချုပ်ဆို၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

ဆိုင်ယာနိုက်သုံးစွဲမှုနဲ့ပတ်သက်ပြီး အကြီးစားရွှေထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ထာဝရသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၊ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော် ထုတ်လုပ်မှု အုပ်စုကုမ္ပဏီလီမိတက်၊ ရွှေမိုးယံကုမ္ပဏီလီမိတက်၊ အာရှကမ္ဘာမြေစက်မှုလုပ်ငန်းနှင့် သတ္တုတူးဖော်ရေး လုပ်ငန်း ကုမ္ပဏီလီမိတက်တို့အား ဆိုင်ယာနိုက်ဓာတ်ဆေးများ ပြည်ပမှ ဝယ်ယူ၊ သယ်ဆောင်၊ သိုလှောင်သိမ်းဆည်း၊ သတ်မှတ်ဧရိယာအတွင်းမှာ ထုတ်ယူသုံးစွဲရန် လုံခြုံရေးစီမံချက်များ ရေးဆွဲစေပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက် ရယူတောင်းခံပြီး စီမံချက်များပါအတိုင်း စနစ်တကျ သုံးစွဲ၊ စွန့်ပစ်စေခြင်းများ ပြုလုပ်စေရေး အကန့်အသတ်ဖြင့် ခွင့်ပြုပေးထားပါတယ်။ အသေးစား ထုတ်လုပ်မှုလုပ်ငန်းများတွင် ခွင့်ပြုမြေဧရိယာ အလွန်နည်းပါးပါသဖြင့် ခွင့်ပြုဧရိယာအတွင်း ဆိုင်ယာနိုက်သုံးစွဲပြီး စွန့်ပစ်မြေစာများ စနစ်တကျစွန့်ပစ်ရန်၊ စွန့်ပစ်ကန်များ တည်ဆောက်ထားရှိရန်၊ စွန့်ပစ်ရေများ စနစ်တကျ သန့်စင်ရန်နှင့် ဆိုင်ယာနိုက်ပါဝင်မှု တိုင်းတာစစ်ဆေးရန် ခက်ခဲမှု ရှိနေခြင်းကြောင့် လည်းကောင်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းအဖြစ် အသုံးပြုနိုင်သဖြင့်လည်းကောင်း တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အမိန့်ကြော်ငြာစာများထုတ်ပြန်ပြီး အသေးစား ရွှေထုတ်လုပ်မှု လုပ်ငန်းများမှာ ဆိုင်ယာနိုက်သုံးစွဲခွင့်ကို တားမြစ်ထားခြင်း ဖြစ်ပါတယ်။

ဆိုင်ယာနိုက်ဓာတ်ဆေးကို စနစ်တကျကိုင်တွယ်သုံးစွဲခြင်း၊ ဖျက်ဆီးစွန့်ပစ်ခြင်း မပြုလုပ်ပါက ပတ်ဝန်းကျင်ကိုထိခိုက်နိုင်တဲ့အပြင် သက်ရှိသတ္တဝါများကို ထိခိုက်သေဆုံးသည်အထိ ဖြစ်နိုင်ပါတယ်။ ဆိုင်ယာနိုက်ဓာတ်ဆေးသည် ဓာတ်ပြုဖြစ်စဥ်အတွင်း ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်(HCN) အဆိပ်ဓာတ်ငွေ့ ထွက်ရှိနိုင်ပြီး စွန့်ပစ်ရေအတွင်း Free Cyanide ပါဝင်မှု 0.1 mg/per litre တစ်နည်းအားဖြင့် (0.001) Percents ထက်ကျော်လွန်ပါက သက်ရှိသတ္တဝါများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့်အပြင် ဆိုင်ယာနိုက်ဓာတ်ဆေးကိုင်တွယ်သုံးစွဲရာတွင်လည်း ကျွမ်းကျင်မှုမရှိပါက အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ပါတယ်။

ဆိုင်ယာနိုက်ပါဝင်သော စွန့်ပစ်ရေထားသိုရန် စနစ်တကျ အစီအမံဖြင့်တည်ဆောက်ထားတဲ့ ရေစုကန်များမရှိပါက မြေအောက်ရေများအတွင်းသို့ စိမ့်ဝင်သွားနိုင်ခြင်း၊ မြေပေါ်ရေအတွင်းသို့ ပျော်ဝင်သွားနိုင်ခြင်းတို့ကြောင့် သက်ရှိသတ္တဝါအားလုံးအတွက် အန္တရာယ်အင်မတန် ကြီးမားပါတယ်။ ယခုအခါမှာ ပြည်တွင်းရွှေထုတ်လုပ်သည့် နေရာအနှံ့အပြားမှာ ဆိုင်ယာနိုက်ဓာတ်ဆေးအား ခွင့်ပြုချက်မရှိဘဲ ရွှေဖက်စပ်လုပ်ကိုင်နေသူများအပြင် တရားမဝင်ရွှေထုတ်လုပ်နေသူများပါ သုံးစွဲလျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒီလုပ်ငန်းများ တူးဖော်လုပ်ကိုင်နေသည့်ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲမှု အားနည်းသည့်အတွက် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ တွင်ကျယ်စွာ သုံးစွဲနေသည့် အဆင့်ထိအောင် ရောက်ရှိလာခဲ့ပါတယ်။

မျက်မြင်ရွှေ(Placer Gold Deposit)အား ပြဒါးအသုံးပြု၍ လွယ်ကူစွာ ထုတ်လုပ်နိုင်ပေမယ့်လည်း ကျောက်ဆောင်ထဲမှာရှိတဲ့ ဗဟန်းများအတွင်းမှာ အောင်းဝင်နေတဲ့ ကျောက်ရွှေ (Primary Gold Deposit)များအား ထုတ်လုပ်တဲ့အခါမှာ ခက်ခဲမှုရှိတဲ့အတွက် ဆိုင်ယာနိုက်နည်းစဥ် အသုံးပြုမှသာ ထုတ်လုပ်မှုပြန်ရနှုန်းကောင်းမွန်မည်ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ကိုယ်စားလှယ်တော်ကြီးက အသေးစိတ်ဆွေးနွေးသွားခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်လည်း နည်းပညာ၊ ကုန်ကျစရိတ်၊ လုပ်သားများ၏ ကျွမ်းကျင်မှု၊ အသိပညာများနှင့် သတ်မှတ်ဇရိယာများ လိုအပ်လာမှာဖြစ်ပါတယ်။

အန္တရာယ်ရှိသော ဆိုင်ယာနိုက်ဓာတ်ဆေးအား သတ်မှတ်နေရာအတွင်း တရားဝင် သုံးစွဲခွင့်ပြုပါက စနစ်တကျ သုံးစွဲနိုင်ရန်လိုအပ်သော အသုံးပြုမှုနည်းစဥ်၊ ထိန်းသိမ်းမှုနည်းစဥ်၊ စွန့်ပစ်မှုနည်းစဥ်များအား လိုအပ်သလို အသိပညာပေးဆောင်ရွက်ရန် လိုအပ်သော အသိပညာ အခြေခံနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိန်းသိမ်းစောင့်ရှောက်လိုတဲ့ စေတနာများ၊ နည်းစနစ် ကျွမ်းကျင်မှုများ လိုအပ်မှာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနမှလည်း ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှာ ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါတယ်။ နည်းဥပဒေများလည်း ဆက်လက်ထုတ်ပြန်နိုင်ရန် စီစဥ်လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ လူနှင့်သက်ရှိသတ္တဝါများအပေါ် တိုက်ရိုက်ထိခိုက်စေနိုင်သဖြင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ပြည့်စုံသည့် ညွှန်ကြားချက်များကို ပြင်ဆင်ထုတ်ပြန်ပြီးမှသာ အသေးစား ရွှေသတ္တုတူးဖော်ရေးတွင်ဆိုင်ယာနိုက် သုံးစွဲခွင့်ကို ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဟသ်ာတ-မြန်အောင်ကားလမ်း နှင့် ပုသိမ်- မုံရွာ ကားလမ်းမကြီးဆက်သွယ်ပေးနိုင်မည့် ငဝန်မြစ်ကူး တံတား (လေးမျက်နှာ)တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း က ဟသ်ာတ- မြန်အောင်ကားလမ်းနှင့် ပုသိမ်-မုံရွာ ကားလမ်းမကြီးဆက်သွယ်ပေးနိုင်မည့် ငဝန်မြစ်ကူး တံတား (လေးမျက်နှာ)တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်မှာ ဟင်္သာတ-မြန်အောင်ကားလမ်းနှင့်ပုသိမ်-မုံရွာ ကားလမ်းမကြီးဆက်သွယ်ပေးနိုင်မယ့် ငဝန်မြစ်ကူးတံတား(လေးမျက်နှာ) တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိနဲ့ စပ်လျဥ်းသည့် မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးမှာ ငဝန်မြစ်ဟာ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းပြီးလေးမျက်နှာမြို့နယ်အား အရှေ့ခြမ်း၊ အနောက်ခြမ်းအဖြစ်ပိုင်းခြားထားပါတယ်။ ငဝန်မြစ်အရှေ့ဘက်ခြမ်းမှာလေးမျက်နှာမြို့သစ်တည်ရှိပြီး ရပ်ကွက်(၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၂၁)အုပ်စု၊ စုစုပေါင်း(၂၆)အုပ်စုသည် ဟင်္သာတမြို့နယ်ရှိ ကျေးရွာများနှင့်ဆက်စပ်နေပါတယ်။ငဝန်မြစ်အနောက်ဘက်ခြမ်းတွင် ကျေးရွာအုပ်စု(၂၀)ရှိပြီး ရခိုင်ပြည်နယ် အစပ်နှင့်လည်းကောင်း၊ ငသိုင်းချောင်းမြို့နယ်ခွဲနှင့် အင်္ဂပူမြို့နယ်ရှိကျေးရွာများနှင့်လည်းကောင်း ဆက်စပ်လျက်ရှိနေပါတယ်။

လေးမျက်နှာမြို့သို့ မြို့နယ်အနောက်ခြမ်းဒေသမှ ပြည်သူများ ဆက်သွယ်သွားလာရာမှာ အင်္ဂပူ-ကွင်းကောက်ဘက်မှ (၃၅)မိုင်ခန့် ကွေ့ပတ်သွားလာရပြီး ရေကြည်မြို့နယ်၊ ငသိုင်းချောင်းမြို့နယ်ဘက်မှ သွားရောက်မည်ဆိုပါက မိုင်(၄၀)ခန့် သွားလာရကာ အချိန်ကုန်၊ ငွေကုန် ဖြစ်ကြပြီး အထူးသဖြင့် ကျန်းမာရေးမကောင်းသူများ၊ သက်ကြီးရွယ်အို ပင်စင်စားများ နှစ်ပေါင်းရှည်ကြာစွာ ဒုက္ခရောက်ခဲ့ကြရပါတယ်။ မိုးအခါမှာ ရေစီးသန်လှပြီးတော့၊ နွေအခါမှာ ရေနည်းပါးပြီးတော့ လှေမပေါက်၊ ကုန်းမပေါက်သော အဆိုပါငဝန်မြစ်ကြီးကိုပိုင်းခြားထားမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးမှ လေးမျက်နှာမြို့နယ်ဟာ ခေတ်အဆက်ဆက် ယနေ့ထိတိုင်အောင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးမှအစ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအားအနည်းဆုံးမြို့နယ် ဖြစ်ပါတယ်။

အခုအချိန်မှာ လေးမျက်နှာမြို့သို့ ဟင်္သာတ -မြန်အောင် ကားလမ်းပေါ်ရှိ ဟင်္သာတ မြို့နယ်တလုပ်ထော်ရွာမှ ကားလမ်းဖြင့် လွယ်ကူစွာသွားလာနိုင်ပြီး အနောက်ဘက်ခြမ်းမှာလည်းပဲ ပုသိမ်-မုံရွာလမ်းပေါ်ရှိ ပန်းတောကြီးကျေးရွာမှ လေးမျက်နှာမြို့ တစ်ဘက်ကမ်းသို့ လမ်းမကြီးတစ်ခုတည်ဆောက်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ ငဝန်မြစ်ကူးတံတား ပေါ်ထွန်းလာဖို့ပဲ လိုပါတော့တယ်။ သို့အတွက်ကြောင့်လည်း မြို့နယ်အရှေ့ခြမ်း၊ အနောက်ဘက်ခြမ်း ပြည်သူများအားလုံး၏ ပြင်းပြသောဆန္ဒမှာ ငဝန်မြစ်ကူးတံတား (လေးမျက်နှာ) ပေါ်ထွန်းလာရေးပင်ဖြစ်ပါတယ်။ အဆိုပါ တံတားကြီးပေါ်ထွန်းလာပါက ယခင်က ရှိနေခဲ့တဲ့ ယခုလည်းပဲ ရှိနေဆဲဖြစ်သော လူမှုရေး အခက်အခဲများအားလုံးလွတ်မြောက်သွားမှာ ဖြစ်တဲ့အပြင် လေးမျက်နှာမြို့သည် မြန်မာပြည် အထက်ပိုင်း၊ အောက်ပိုင်းမြို့များနှင့်လည်းကောင်း၊ ရခိုင်ပြည်နယ် ဂွမြို့နှင့် ဟင်္သာတမြို့သို့လည်းကောင်း အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်တော့မှာ ဖြစ်ပါတယ်။ မကြာသောကာလအတွင်း လေးမျက်နှာမြို့ဖွံ့ဖြိုးတိုးတက်လာတော့မှာ

ဖြစ်ပါတယ်။ မြို့နယ်အရှေ့ခြမ်း၊ အနောက်ခြမ်းပြည်သူများ နာရီဝက်အတွင်း ကူးသန်းသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု သွက်လက်ကာ မြို့နယ်တစ်ခုလုံး တစ်ပေါင်းတစ်စည်းထဲ ဆက်စပ်ပေးသကဲ့သို့ ဥဒဟိုသွားလာနိုင်တော့မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လေးမျက်နှာမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက် ဖြစ်ပြီး ဟသ်ာတ-မြန်အောင်ကားလမ်းနှင့် ပုသိမ်-မုံရွာ ကားလမ်းမကြီး ဆက်သွယ်ပေးနိုင်မယ့် ဝေနံမြစ်ကူး တံတား(လေးမျက်နှာ) တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဌေးဝင်း မှ မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်း ပေါင်းစည်းဆက်စပ်စေပြီး ဟသ်ာတ-မြန်အောင်ကားလမ်းမှ ပုသိမ်-မုံရွာ ကားလမ်းမကြီးသို့ ဆက်သွယ်ပေးနိုင်မယ့် ဝေနံမြစ်ကူး တံတား(လေးမျက်နှာ) တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိ သိရှိလိုသည့် မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ရှင်းလင်းတင်ပြချက်များ ကိုပိုမို ပေါ်လွင်စေရန်အတွက် Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့ လေးမျက်နှာမြို့ဟောင်း ဖြစ်ပါတယ်။ ဒီဘက်ကတော့ လေးမျက်နှာ မြို့သစ်ဖြစ်ပါတယ်။ ဒါလွှတ်တော်ကိုယ်စားလှယ်ကြီး တံတားတည်ဆောက်လိုတဲ့နေရာ ဒီနေရာ ဖြစ်ပါတယ်။ ဒါလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့အတိုင်း ဒီမှာကျွန်တော်တို့ ဆက်သွယ်နေတာကတော့ လေးမျက်နှာ-တလုပ်ထော်လမ်း (၉)မိုင်ဟာ ဟသ်ာတ-မြန်အောင်လမ်းနဲ့ သွားပြီး ထိစပ်နေတာ ဖြစ်ပါတယ်။ ထို့အတူပဲ ဒီဘက်တစ်ဖက်မှာလည်း ပန်းတောကြီး-လေးမျက်နှာလမ်းဟာ ပုသိမ်-မုံရွာလမ်းနဲ့ ထိစပ်တာဖြစ်ပါတယ်။ ဒီဘက်က (၆)မိုင်ဖြစ်ပါတယ်။ ဒီဘက်က (၉)မိုင်ရှည်လျားတာ ဖြစ်ပါတယ်။ ဒီလေးမျက်နှာမြို့သစ်နဲ့ မြို့ဟောင်းကို ဒီလိုတံတားနဲ့ ခွဲခြားထားတဲ့အတွက် ဒီနေရာမှာ မြစ်နဲ့ခြားနားနေတာကြောင့် ဒီနေရာကို တံတားဆောက်ပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြခြင်း

ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီပုံကို ကျွန်တော်တို့ Google အနေနဲ့ ကြည့်မယ်ဆိုရင် တွေ့ရှိရတဲ့ ပုံကတော့ ဒီလိုပုံ ကျွန်တော်တို့ ဖြစ်ပါတယ်။

ဒါက Google က ကျွန်တော်တို့ ကြည့်ထားတဲ့ပုံပါ။ ဒီဘက်ကို ပုသိမ်-မုံရွာ လမ်း (၆)မိုင်၊ ဒီဘက်ကို (၉)မိုင်သွားရင်ဒီနေရာမှာ တံတားဆောက်ရမယ့် နေရာဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်လို့ လည်းပဲ ကျွန်တော်တို့ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) အနေနဲ့ဟသ်ာတခရိုင်ကို ၁၆- ၁၂-၂၀၁၃ ခုသွားတဲ့အခါမှာ အဲဒီ ဟသ်ာတခရိုင်မှာရှိတဲ့ လေးမျက်နှာ မြို့နယ် ကိုယ်စားလှယ်ကလည်းပဲ ဒီတံတားကြီးတည်ဆောက်ပေးဖို့ ဆိုပြီးတော့ ကျွန်တော်တို့ကို ဆွေးနွေးတင်ပြခဲ့တာရှိပါတယ်။ ဒီလိုဆွေးနွေးတင်ပြချက်အရ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ကလည်းပဲ အင်ဂျင်နီယာချုပ်တစ်ဦးကိုစေလွှတ်ပြီးတော့ ဒီတံတား တည်ဆောက်မယ့်နေရာများကို ကျွန်တော်တို့ အခုလိုရွေးချယ်ထားတာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ အဆိုပြုတံတားတည်နေရာ(၁) ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဒါ အဆိုပြုတံတား တည်နေရာ(၁)ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ တံတားတည်နေရာ၊ အဆိုပြုနေရာ(၂) ကျွန်တော်တို့ဒါ ရွေးချယ်ထားတာ ဖြစ်ပါတယ်။ ဒါကတစ်ဖက်ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဒီဘက်က နေပြီးတော့ ပြန်ပြီးတော့ ရွေးထားတဲ့နေရာ ဖြစ်ပါတယ်။ ဟိုဘက်ကမ်း ဒီဘက်ကမ်းနှစ်ဖက် ရွေးထားတာပါ။ ဒီဘက်ကဒါ အဆိုပြုတဲ့နေရာ(၂) ဖြစ်ပါတယ်။ နောက်တစ်နေရာက ကျွန်တော်တို့ဒါ နောက်တစ်ဖက်ကနေပြန်ပြီးတော့ ကျွန်တော်တို့ပြန်ပြီးတော့ ရွေးချယ်ထားတဲ့ ပုံသဏ္ဍာန်များ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ရွေးချယ်ထားတဲ့ ရည်ရွယ်ချက်က တံတားနဲ့ ပတ်သက်ပြီးတော့ အခြေခံ အချက်အလက်တွေရရှိဖို့ ဆိုပြီးတော့ တံတားကိုသေချာစွာ ကျွန်တော်တို့ တိုင်းထွာပြီးတော့ ရွေးချယ် ထားတာဖြစ်ပါတယ်။ ဒါက အဆိုပြုတဲ့နေရာတွေကို ကျွန်တော်တို့ ရွေးချယ်ထားတာဖြစ်ပါတယ်။ ဒီတော့ ဒီလို ကျွန်တော်တို့က နေရာတွေ ရွေးချယ်တဲ့အခါမှာ အကြမ်းအားဖြင့် ကျွန်တော်တို့ သိရှိခဲ့တာကတော့ တံတားရဲ့ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း အကျယ်ဟာ (၁၅၀၀)ပေ ရှိပါတယ်။

အဲဒီတော့ (၁၅၀၀)ပေ ရှိတဲ့အတွက် ဒီငဝန်မြစ်ဟာ အောက်မှာ လှေသမ္ဗာန်၊ သင်္ဘောများ သွားလာလျက်ရှိတာကြောင့် သူ့ရဲ့ တံတားတည်ဆောက်ခဲ့ရင် ကင်းလွတ်အမြင့်ပေါ့၊ တံတားရဲ့ ကင်းလွတ်အမြင့်ကို ကျွန်တော်တို့ ပေ(၃၀)လောက် ကျွန်တော်တို့ ပေးရမှာ ဖြစ်ပါတယ်။ အဲဒီလို ပေ(၃၀)လောက် ပေးတဲ့အခါမှာ ဟိုဘက်၊ ဒီဘက်ချဉ်းကပ်လမ်းကို ကျွန်တော်တို့ (၃)ရာခိုင်နှုန်းနဲ့ ဆင်းသွားတာတောင်မှ တံတားရဲ့အရှည်ဟာ တစ်ဘက်ကို ပေ(၅၀၀)၊ နောက်တစ်ဘက်ကို ပေ(၅၀၀)ဆိုရင် စုစုပေါင်း တံတားတစ်ခုလုံးရဲ့အရှည်ဟာ ပေ(၁၀၀၀)ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ တံတားတည်ဆောက်ခဲ့ရင်တော့ ပေ(၂၅၀၀)အရှည်ရှိတဲ့ တံတားကို တည်ဆောက်ရမယ် ဆိုပြီးတော့ ကျွန်တော်တို့အနေနဲ့ ဒါကို ခန့်မှန်းတွက်ချက်ထားတာဖြစ်ပါတယ်။ ဒီတံတားနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒါတည်ဆောက်ဖို့ အမှန်တကယ်လည်း လိုအပ်တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အခက်အခဲတစ်ခုရှိတာက ကျွန်တော်ပထမပုံမှာ တင်ပြခဲ့တဲ့အတိုင်းတစ်ဖက်ကလမ်းဟာ ကျွန်တော်တို့ စည်ပင်သာယာက ပိုင်တဲ့လမ်း ဖြစ်ပါတယ်။ ဒီဖက်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးက ပိုင်တဲ့လမ်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်းပဲ မူအားဖြင့်ဘယ်လိုခွဲခြားထားလဲဆိုတော့ ကျွန်တော်တို့က

တခြားဝန်ကြီးဌာနတွေနဲ့ မတူဘဲနဲ့ ကျွန်တော်တို့ ပိုင်တဲ့လမ်းတွေကို ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာနပိုင်တဲ့လမ်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရပိုင်တဲ့လမ်း ဆိုပြီးတော့ ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ကစပြီးတော့ ခွဲဝေပေးထားတာ ဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂မှာတော့ (၂၅)ရာခိုင်နှုန်းဟာ တိုင်းဒေသကြီးကို ပေးပြီးတော့ (၇၅)ရာခိုင်နှုန်း ကျွန်တော်တို့တာဝန်ယူပါတယ်။ ၂၀၁၂-၂၀၁၃မှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို(၃၅)ရာခိုင်နှုန်း ပေးပြီးတော့ ကျွန်တော်တို့က (၆၅)ရာခိုင်နှုန်း တာဝန်ယူပါတယ်။ ဒီနှစ်မှာတော့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာတော့ တိုင်းဒေသကြီးကို (၄၈)ရာခိုင်နှုန်း ခွဲဝေပေးပြီးတော့ ကျွန်တော်တို့က (၅၂)ရာခိုင်နှုန်း တာဝန်ယူတာဖြစ်ပါတယ်။ အဲဒီလိုတာဝန်ခွဲဝေပေးတာနဲ့အမျှ ဒီလမ်းတွေရဲ့ ပြုပြင်ထိန်းသိမ်းတဲ့စရိတ်နဲ့ ဒီလမ်းပေါ်မှာရှိတဲ့ လမ်းတွေ၊ တံတားတွေ ပြင်ဆင်တာတွေ အားလုံးကိုလည်း တိုင်းဒေသကြီးကို ခွဲပေးတဲ့အခါမှာ တိုင်းဒေကြီး အစီအစဉ်နဲ့ပဲ ဆောင်ရွက်တဲ့စနစ်ကို ကျွန်တော်တို့ ဝန်ကြီးဌာန ခွဲဝေထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလမ်းဟာ တစ်ဖက်က စည်ပင်သာယာရေး ပိုင်တဲ့လမ်း တစ်ဖက်က တိုင်းဒေသကြီးကတာဝန်ယူတဲ့ လမ်းဖြစ်တာကြောင့် ကျွန်တော်တို့ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ ဝင်ရောက်ဆောင်ရွက်ဖို့က အခက်အခဲ ရှိတယ်။ ဒီ့အတွက်ကြောင့် တိုင်းဒေသကြီး အစိုးရကသာဒီဟာကိုဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်လာလို့ရှိရင် ကျွန်တော်တို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေနဲ့ပူးပေါင်းပြီးတော့ ဝင်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော်တို့ဘက်က အကြံုအင်ဂျင်နီယာလုပ်ငန်းတွေလည်း ကြိုတင်ဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အနေနဲ့ ကြီးကြပ်ဆောင်ရွက်ရတဲ့ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဗိသုကာပညာကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့ရဲ့ လူနေမှု ပတ်ဝန်းကျင်အဆင့်အတန်း မြင့်မားလုံခြုံမှု ရှိစေရန်အတွက်

ဗိသုကာပညာနဲ့ နည်းပညာသင်ကြားမှုသုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများမှာသတ်မှတ်ထားတဲ့ ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများပြည့်မီစေရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်စည်းရန်တို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းရန် စသည်တို့ ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေမူကြမ်းအား ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စင်ကာပူနိုင်ငံမှာ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့က ကျင်းပခဲ့တဲ့ အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးမှာ အာဆီယံနိုင်ငံများအကြား ဗိသုကာဝန်ဆောင်မှုလုပ်ငန်းများအပေါ်အရည်အသွေးနဲ့ထောက်ခံလွှာ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်ကို နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါတယ်။ ASEAN Architect Council (AAC) ရဲ့ သဘောတူညီချက်အရ အာဆီယံနိုင်ငံများအတွင်း Senior License Architect (SLA) အခေါ်အဝေါ်များ တူညီစေရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရဲ့သတ်မှတ်ချက်များအရ ဗိသုကာလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း (Architectual Services) ဟုလည်းကောင်း၊ အင်ဂျင်နီယာလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း (Engineering Services) ဟုလည်းကောင်း သီးခြားသတ်မှတ် ပြဋ္ဌာန်းထားသည်နှင့်အညီ နိုင်ငံတကာ မှာ ဗိသုကာမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရ ပါတယ်။သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးရန် အမှန်တကယ် လိုအပ်လျက်ရှိတဲ့ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေမူကြမ်းကို တင်ပြအဆိုပြုရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေမူကြမ်း အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ နှစ်ကြိမ် စိစစ်ဖြည့်စွက်အကြံပြုပြီး ဖြစ်ပါတယ်။၂၀၁၄ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတရဲ့ ဥပဒေအကြံပေးအဖွဲ့မှလည်း စိစစ်ဖြည့်စွက် အကြံပြုပြီး ဖြစ်ပါတယ်။ ၂၀၁၄ မတ်လ ၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၅/၂၀၁၄ မှာလည်း အတည်ပြုပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ နိုင်ငံတော်သမ္မတ ဥပဒေအကြံပေးအဖွဲ့ရဲ့ အကြံပြုစာများအရ ပြင်ဆင်ဖြည့်စွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုထားပြီးဖြစ်တဲ့ မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားနိုင်ပါရန် လေးစားစွာ အဆိုပြုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊၁၀း၄၃။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး တင်သွင်းခဲ့သော မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင်

ဆွေးနွေးနိုင်ပါရန် အဆိုကို မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာစိုးဝင်း မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ဗိသုကာ ကောင်စီ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။မြန်မာနိုင်ငံ ဗိသုကာ ကောင်စီဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၁-၃-၂၀၁၄ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊၁၀း၄၄။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို နံနက် ၁၀း၄၅ နာရီတွင် ရပ်နားပြီး ၁၁း၀၀ အချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ သတ္တမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများအဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာနှင့်ကော်မတီ၏ ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့တဲ့ မေးခွန်းများ၊ တင်သွင်းခဲ့တဲ့အဆိုများ၊ ပေးပို့ခဲ့တဲ့ကြယ်ပွင့်မပြမေးခွန်းများနဲ့ ပထမပုံမှန်မှသတ္တမပုံမှန် အစည်းအဝေးအထိဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိတဲ့ ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများနဲ့ စပ်လျဉ်းတဲ့ အစီရင်ခံစာနဲ့ ကော်မတီ၏ ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြီးခဲ့တဲ့ ပဉ္စမအကြိမ်တုန်းက ကျွန်တော်မေးမြန်းခဲ့တဲ့ မေးခွန်းမှာ ကျွန်တော်တို့ ဂန့်ဂေါ-မင်းရွာ-ပန်းထိပ်-ခေါက်ခူ-ကန်ပေါ့၊ အဲဒီအထိ အရင် ပ.ဆ.င လမ်းဟောင်း ဖြစ်ပါတယ်။ ကျွန်တော် Projector နဲ့ တင်ပြပါ့မယ်ခင်ဗျား။ အခုတင်ပြပါလမ်းဟာ ကျွန်တော်တို့ မောလည် ပေါ့၊ မောလည်ကနေစပြီးတော့ ကျွန်တော်တို့ မင်းရွာ-ပန်းထိပ်-ခေါက်ခူ- အောင်မြင်ပေါ့၊ အောင်မြင်ရွာပြီးတော့ ဒီဘက်ကိုကူးတဲ့ ပျား။ မြစ်သာမြစ်ကနေ

ကူးပြီးတော့ ပျားပျားကနေ ဂန့်ဂေါ၊ ဒါ နဂို ပ.ဆ.င လမ်းဟောင်းကြီး ဖြစ်ပါတယ်။ ဂန့်ဂေါကနေမှ ကျွန်တော်တို့ လာပို့-မြင်းစာ အဲဒီကနေပြီးမှ ကျွန်းခုံသာ၊ ပြီးမှ ကျွန်တော်တို့က ကန်ကို သွားတာ ဖြစ်ပါတယ်။ ကန်ကနေပြီးမှ တစ်ခါ ရေရှင်မ၊ ရေရှင်မ နေမှ တောင်ခရမ်း၊ မြောက်ခရမ်း စသည်ဖြင့် ကျွန်တော်တို့ ဒီလမ်းကြီးဟာ မူလ ပ.ဆ.င လမ်းဟောင်းကြီးဖြစ်ပါတယ်။ အဲဒီဟာမှာ အခု ဒီ အနီနဲ့ ပြတဲ့ဟာကတော့ ကျွန်တော်တို့ လက်ရှိလမ်းအသစ်ဖြစ်ပါတယ်။ ဒီလမ်းကြီးကတော့ အခုတော်တော်လေး ကောင်းမွန်တဲ့ လမ်းကြီး ဖြစ်ပါတယ်။ ဒီ လမ်းကြီးကတော့ ဘယ်ရွာမှ ဖြတ်သန်းမသွားဘဲနဲ့ သူ သီးသန့်လမ်းကြီးဖြစ်တဲ့အတွက် အင်မတန် ကောင်းပါတယ်။ Hight-Way လမ်းပုံစံဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နဂို ပ.ဆ.င လမ်းဟောင်းဟာ ရွာချင်းဆက် လမ်းတွေ ဖြစ်တဲ့အတွက်ကြောင့် အဲဒီလမ်းမှာ ကျွန်တော်က နှမြောတာက နဂို ပ.ဆ.င လမ်းမှာ ကျောက်တုံးကြီးတွေ အခုထိရှိတယ်၊ အောက်ခံ၊ အမာခံပေါ့။ ဟုတ်လား၊ အပေါ်မှာလည်း Double Single တို့စသည်ဖြင့် တံတားကြီးတွေ ရှိနေတဲ့အတွက်ကြောင့် ဒီ လမ်းကိုပြုပြင်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြတဲ့အခါမှာ ဝန်ကြီးက ဒါကိုပြုပြင်ပေးပါ့မယ်လို့ ပြောပါတယ်။ ဒါပေမဲ့ တကယ့်တမ်းပြုပြင်ပေးခြင်း မရှိတဲ့အခါ ကျတော့ ကျွန်တော်တို့ ဒီ ကတိကဝတ်ကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဟာ ဂန့်ဂေါကို ရောက်လာပါတယ်။ ရောက်လာပြီးတော့ သွားပြီးတော့ စစ်ဆေးတဲ့အခါမှာ ဒါကိုပြင်ဆင်ထားတာ မတွေ့တဲ့အတွက်ကြောင့် ဒါကို တိုက်တွန်းတာ ဖြစ်ပါတယ်။ တိုက်တွန်းတဲ့အခါမှာ ခုတော့ တိုင်းဒေသကြီး ဘတ်ဂျက် ရန်ပုံငွေထဲမှာ ထည့်ပေးမယ်လို့ သိရပါတယ်ခင်ဗျား။

အဲဒါဆိုရင်တော့ တိုင်းဒေသကြီး ရန်ပုံငွေထဲမှာ ထည့်သွင်းမယ်ဆို ဘယ်လိုနည်းနဲ့သာ ထည့်သွင်း ထည့်သွင်း၊ ဒီလမ်းဟာ လုပ်သင့်တဲ့ လမ်းဖြစ်တယ်။ အပျက်ကြီး မပျက်ခင်မှာ နည်းနည်းပြင် လိုက်ရင် ပိုကောင်းပါတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြအပ်ပါတယ်။

ဒုတိယတင်ပြချင်တာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အဲဒီ ပဋ္ဌမအကြိမ်မှာပဲ မေးခဲ့ပါတယ်။ ဂန့်ဂေါမြို့နယ်၊ မြောက်ခရမ်းကျေးရွာက အထက်တန်းကျောင်းဟာ အထက်တန်း အဆင့်တိုးမြှင့်ပေးဖို့၊ (တွဲဖက်)အထက်တန်းကျောင်းကို အထက်တန်းအဆင့်တိုးမြှင့်ပေးဖို့ ကျွန်တော် တင်ပြခဲ့ပါတယ်။ အဲဒီလို တင်ပြတဲ့အခါမှာ ဒုတိယဝန်ကြီး ကျွန်တော်တို့ကိုဖြေကြားပါတယ်။ ဘယ်လို ဖြေကြားသလဲဆိုတော့(၉)တန်း၊ (၁၀)တန်းကျောင်းသားဟာ (၂၀၀)မကျော်တဲ့အတွက်ကြောင့် ဒီနှစ်မှာ အဆင့်တိုးမြှင့်ပေးဖို့ အစီအစဥ်မရှိပါဘူးလို့ ဖြေကြားပါတယ်။ ဒီနှစ်မှာ ကျွန်တော်တို့ အခု (၉)တန်း၊ (၁၀)တန်းကျောင်းသား(၂၀၀)ကျော်သွားပါတယ်။ (၂၀၀)ကျော်သွားပြီ ဖြစ်တဲ့အတွက်ကြောင့် ဒါဆိုရင် (၂၀၀)ကျော်ရင် ပေးမယ်ဆိုပြီးတော့ အဲဒီလိုပုံစံ ဖြေသွားတာပေါ့လေ၊ (၂၀၀)မကျော်တဲ့အတွက် မပေးနိုင်ဘူး။ အခုတော့ အဲဒီ့အထက်တန်းကျောင်းဟာ (၂၀၀)ကျော်သွားပါပြီ။ ဂန့်ဂေါမြို့ မြောက်ခရမ်း ကျေးရွာ၊ အထက်တန်းကျောင်းဟာ (တွဲဖက်)အထက်တန်းကျောင်းကနေမှ Packer အထက်တန်း ကျောင်းအဖြစ် မပေးနိုင်ဘူးလား။ (၂၀၀)လည်းကျော်သွားပြီ။ ဒီ့အပြင် ပြည်ထောင်စု လွှတ်တော် နာယကကြီး ဂန့်ဂေါလာတဲ့အခါမှာ ရပ်မိ/ရပ်ဖတစ်ဦးက တင်ပြပါတယ်။ ဒီ ဂန့်ဂေါနဲ့ (၄၈)မိုင်ဝေးကွာတဲ့ ဒီ မြောက်ခရမ်းကျေးရွာ အထက်တန်းကျောင်းဟာ ကျောင်းသားလည်း (၂၀၀)ကျော် ရှိပြီဖြစ်တဲ့အတွက် အထက်တန်းကျောင်းမပေးနိုင်ဘူးလားဆိုပြီး မေးတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော် နာယကကြီးက အဲဒီမှာပါလာတဲ့ ပညာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ပြောပါတယ်။

ဒီလောက်တောင်မြို့နဲ့ (၄၈)မိုင်လောက် ဝေးကွာတဲ့နေရာမှာ ကျောင်းသားအင်အားလည်း ပြည့်မီနေပြီဖြစ်တဲ့အတွက် ဒါကို အဆင့်တိုးမြှင့်ပေးဖို့ ထည့်သွင်းတွက်ချက်သင့်ပါတယ်ဆိုပြီးတော့ ပြည်ထောင်စုလွှတ်တော်နာယကကြီးက မှတ်ချက်ပြုပါတယ်။ အဲဒီနေ့မှာ လူထုရှေ့မှာ ပြောသွားတာပါ။ ခန်းမကြီးထဲမှာ ကျွန်တော်တို့ ဂန့်ဂေါမြို့က၊ ဒါကြောင့်မို့လို့ အဲဒါဆိုရင်ကော ကတိကဝတ်မဖြစ်ဘူးလား၊ ညွှန်ကြားရေးမှူးချုပ်ကြီးကလည်း မှတ်သွားတယ်။ ဝန်ကြီးကလည်း (၂၀၀)ကျော်ရင်ပေးသွားမယ်လို့ ပြောသွားတယ်။ အဲဒါအခုနှစ်မှာ ဒါကို အထက်တန်းကျောင်းအဖြစ် မတိုးပေးနိုင်ဘူးလား၊ တကယ်လို့ တိုးပေးနိုင်မယ်ဆိုရင်တော့ အစစအရာရာအကျုံးဝင်ပြီဖြစ်တဲ့အတွက် Qualify ဖြစ်နေပြီ ဖြစ်တဲ့အတွက် ဒါကိုလည်း ကတိကဝတ်အနေနဲ့သာထည့်သွင်းပြီးတော့ အဆင့်တိုးမြှင့်ပေးသင့်ကြောင်း ဆွေးနွေးလို ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဦးဟာရှိန်းဘွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၁။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ ကတိကဝတ်ရဲ့ အစီရင်ခံစာနဲ့ ပတ်သက်လို့ ကျွန်တော်အကြံပြုဆွေးနွေးလိုတဲ့အပိုင်း(၂)ပိုင်းရှိပါတယ်။ ပထမအချက် အနေနဲ့ကတော့ ကျွန်တော် ကတိကဝတ်ကို တင်ပြခဲ့တဲ့ ဒီ ကျွန်တော်ရဲ့ ကြယ်ပွင့်ပြမေးခွန်း၊ ဒီ လွှတ်တော်ထဲမှာ လာဖြေသွားတဲ့ မေးခွန်း(၃)ခုရှိပါတယ်။ အဲဒီ (၃)ထဲမှာ အခု ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ မပါတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်ပြည်ထောင်စုလွှတ်တော် ဘတ်ဂျက်မှာလည်း ကျွန်တော်ဆွေးနွေး ပါတယ်။ ပြီးတော့မှလည်း ဒီ ကတိကဝတ်ကိုလည်း ကျွန်တော်တင်ပြထားတဲ့ (၂)ချက်ရှိပါတယ်။

ပထမအချက်ကတော့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဒီ ဖြည့်စွက်ရန်ပုံငွေမှာ ဒီ ကြန်လေလှိုင်း ကျေးရွာကနေပြီးတော့မှ လွှာရွာ၊ မလှိုင်ရွာအရောက် (၅)မိုင်ကို၊ အရင်က နယ်စပ်ဝန်ကြီး၊ ဒုတိယ ဝန်ကြီး၊ဦးဇော်ဝင်း ကနေပြီးတော့မှ ဒါ ၂၀၁၃-၂၀၁၄ ဖြည့်စွက်ရန်ပုံငွေမှာ တောင်းခံပေးမယ်လို့ ဒါ ကတိဖြစ်ခဲ့တဲ့ လမ်းဖြစ်ပါတယ်။ အဲဒီလမ်းဟာ မနှစ်က နိုင်မင်းကုမ္ပဏီကနေပြီးတော့မှ မင်းတပ်ကနေပြီး ကြန်လေလှိုင်းကျေးရွာ (၁၅)မိုင်ကို တစ်ကြောင်းထိုးနဲ့ ဆိုင်ကယ်လမ်းကို ဒီ စက်နဲ့ ထိုးထားပြီးသား ဖြစ်ပါတယ်။ အဲဒီကနေမှ ကျွန်တော်တို့ အတက်အဆင်းမရှိဘဲနဲ့ ဆက်ပြီးတော့သွားမယ့် လမ်းဒီ(၅)မိုင်စာရှိတယ်။ ဒီကျေးရွာလွင်ပြင်မှာ ကျန်နေတယ်။ တင်ပြတုန်းကလည်း မလှိုင်အထိ တင်ပြထားတာ ဖြစ်တယ်။ အဲဒီကြားမှာ ကျန်နေတဲ့ (၅)မိုင်စာကို ဒီ ဆက်ပြီးမှ ထိုးနိုင်အောင်ဆိုပြီးတော့ ကျွန်တော်တင်ပြခဲ့တဲ့ မေးခွန်းဖြစ်ပါတယ်။ နောက် ဒါ ကတိကဝတ် ဥက္ကဋ္ဌ ဦးအောင်ထွန်း ကိုယ်တိုင် မင်းတပ်ကို ကျွန်တော် သံဘေလီတံတားတင်ပြတဲ့ ကိစ္စနဲ့ပတ်သက်လို့ လာရောက်စစ်ဆေးတဲ့ အချိန်မှာလည်း ကျွန်တော်ဒီလမ်းကို သေသေချာချာ ကျွန်တော် ပြပါတယ်။ ဒီ စက်နဲ့ထိုးတဲ့လမ်းကို ပြပါတယ်။ ဥက္ကဋ္ဌကြီးလည်း မြင်သွားပါတယ်။ အဲဒီက(၅)မိုင်ဟာ အခုထက်ထိ ကျွန်တော် RE မှာလည်း ပါမလာဘူး။ ဒီ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာလည်း ပါမလာဘူးဆိုတော့ ဒီ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်

မှာလည်း ပါမလာဘူး။ အဲဒါကြောင့် ကျွန်တော်က ဒီဟာကို ပထမဦးဆုံး နိုဝင်ဘာ RE မှာ မပါတဲ့ အတွက်ကြောင့်မို့လို့ နိုဝင်ဘာလ၊ ပထမကျွန်တော် ကတိကဝတ်ကို ဒါ နိုဝင်ဘာလ(၂၆)မှာ ပထမဦးဆုံး ဒါ ပြန်တင်ပြပါတယ်။ ပြီးတော့မှ ဒီ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ မပါလာတဲ့အတွက်ကြောင့်မို့လို့ ထပ်ပြီးတော့မှ ဇန်နဝါရီလ(၂၁)ရက်နေ့မှ တစ်ခါ ကျွန်တော်ထပ်ပြီးတော့ တင်ပါတယ်။ အဲဒီဟာ ဘယ်လိုအခြေအနေ ရှိသလဲ။ ဝန်ကြီးဌာနနဲ့ ခေါ်ယူပြီးတော့မှ ညှိနှိုင်းဆွေးနွေးတယ်လို့ ကျွန်တော် သိရပါတယ်၊ ဒီ ကတိကဝတ်နဲ့။ အဲဒီနေရာမှာ ဒီလမ်းဟာ ဘယ်လိုညှိနှိုင်းဆွေးနွေးတယ် ဆိုတာကို ကျွန်တော်သိချင်ပါတယ်။

ပြီးတော့မှလည်း ဒီ အစီရင်ခံစာမှာ ကြယ်ပွင့်မပြမေးခွန်းတွေကိုတော့ သူကလွှတ်တော် ကိုယ်စားလှယ်နာမည်ရယ်၊ မဲဆန္ဒနာမည်ရယ်၊ နောက်ပြီးတော့မှ ကျွန်တော်တို့ တင်ပြတဲ့ အကြောင်းအရာ တွေ ဖော်ပြပြီးတော့မှ အစီရင်ခံစာမှာ သေချာဖော်ပြပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ကြယ်ပွင့်ပြမေးခွန်း၊ ဒီကတိဖြစ်တဲ့ မေးခွန်းတွေ ကျွန်တော်တို့ ပြန်ပြီးတော့မှ ဒီ ကတိကဝတ်ကို တင်ပြထားတဲ့ မေးခွန်းဟာ ဒီ အစီရင်ခံစာမှာလည်း ပါမလာဘူး။ ကျွန်တော်တို့လည်း ဒီ အခုထက်ထိ ဘယ်အနေအထားရောက်နေတယ်ဆိုတာကို မသိရပါဘူး။ အဲဒီတစ်ချက် ဒီ လမ်းကိစ္စဟာ ခုထက်ထိ အဲဒီလို ဖြစ်နေပါတယ်။ ဒါကြောင့် ဒီ ကျေးလက်မှာပါသလားဆိုပြီးမှ၊ မဟုတ်ရင်လည်း ပြည်နယ် ဘတ်ဂျက်မှာ ပါသလား ဆိုပြီးတော့မှကျွန်တော်ကျေးလက်ကိုလည်း ကျွန်တော်လှမ်းမေးပါတယ်။ ကျေးလက်ကလည်း အဲဒီဟာကို သူတို့မသိဘူးပြောနေပါတယ်။ ပြီးတော့မှလည်း အဲဒီတုန်းက နယ်စပ်ဝန်ကြီး ဦးဇော်ဝင်း က အခုက ဝန်ကြီးဌာနပြောင်းသွားတယ်။ ဒီ အပြောင်းအလဲကြားထဲမှာ ဒီလမ်းကလေးက ညှပ်ပြီးမှကျန်တယ်လို့ယူဆပါတယ်။ နောက် နယ်စပ်ဝန်ကြီးဌာနကိုမေးတော့လည်း နယ်စပ်ညွှန်ကြားရေးမှူးကလည်း ဒီလမ်းမပါဘူးလို့ ပြောပါတယ်။ ဆိုတော့ ဟိုဘက်ဒီဘက် မပါဘူး ဖြစ်နေတယ်။ ဒီ ကတိပေးတဲ့ဟာ အဲဒီဟာလေး ဘယ်လိုအခြေအနေ ရှိသလဲဆိုတဲ့ဟာလေးကို ကျွန်တော် မေးမြန်းရင်းနဲ့ အကြံပြုလိုခြင်း ဖြစ်ပါတယ်။

ပြီးတော့မှ နောက်တစ်ချက်ကတော့ ကျွန်တော် ဒီ အားကစားရုံနဲ့ ပတ်သက်တဲ့ဟာ ကျွန်တော် ပြည်ထောင်စုလွှတ်တော်ဘတ်ဂျက်တုန်းကလည်း ကျွန်တော်ဆွေးနွေးပါတယ်။ အဲဒီဟာ လည်း ခုထက်ထိ ဘယ်လိုမှ အခြေအနေမသိရဘူးပေါ့။ သို့သော်လည်း အဆင့်ဆင့်မေးတာတော့ ကျွန်တော်တို့ ကြားနေရတယ်။ ကျွန်တော်တို့ မြို့နယ်မှာ ခရိုင်အား/ကာမှူးကို ရုံးချုပ်ကနေပြီး လှမ်းမေးတယ်ဆိုတာ ကျွန်တော်ကို ဖုန်းဆက်လာလို့ ကျွန်တော်သိရပါတယ်။ ပြီးတော့မှ ဒီဟာက နေရာကအစ မြေနေရာက အစ ပြည်နယ်ရဲ့ လမ်းညွှန်ချက်နဲ့ အကုန်လုံး ကွင်းဆင်းပြီးတော့မှ စိစစ်ရွေးချယ်ပြီးတော့မှ ပြည်နယ်ကို အကုန်လုံး ပြန်လည်တင်ပြထားပြီးသားကိစ္စ ဖြစ်ပါတယ်။ အဲဒါလည်း အခု ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ ပါမလာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် ဘတ်ဂျက်မှာ ဆွေးနွေးတယ်။ ပြီးတော့မှ ကတိကဝတ်မှာ လည်း ကျွန်တော်တင်ထားတာ ရှိပါတယ်။ အဲဒါတော့ သတင်းတော့ သိုးသိုးသန့်သန့် ကျွန်တော် ကြားပါတယ်။ ဒီပြန်ပြီးတော့မှ ဘတ်ဂျက် အတည်ပြုတဲ့အခါမှာ ပါလာမလား၊ မပါဘူးလာတော့ မသိဘူး၊ အဲဒီအပိုင်းကတော့ ဒီလောက် စိုးရိမ်စရာမရှိဘူးလို့ ကျွန်တော် မြင်ပါတယ်။

ပထမဆုံးကျွန်တော်တင်ပြခဲ့တဲ့ အဲဒီ(၅)မိုင် ကားလမ်းကိုလည်း အခုထက်ထိပါမလာဘူး။ ပြီးတော့လည်း ဘယ်ပြည်နယ်ဘတ်ဂျက် ရောက်နေသလဲ။ မဟုတ်လို့ရှိရင်လည်း ပြည်ထောင်စု

ဘတ်ဂျက်မှာလည်း မရှိဘူးဆိုတော့ အဲဒါ ဘယ်လိုညှိနှိုင်းဆောင်ရွက်ပေးသလဲ။ နောက်ပြီးတော့မှ နောင်လာမယ့် ဒီအစီရင်ခံစာ တင်ပြလို့ရှိရင်လည်း အခု ကျွန်တော်တို့ ကြယ်ပွင့်မပြမေးခွန်းကို ကျွန်တော်တို့ ကိုယ်စားလှယ်တွေနဲ့ သူ့ရဲ့အကြောင်းအရာနဲ့ တင်ပြသလိုပဲ အခုကြယ်ပွင့်ပြမေးခွန်းတွေကိုလည်း ဝန်ကြီးဌာနနဲ့ ဘယ်လိုညှိနှိုင်းဆောင်ရွက်တယ် ဆိုတာလေးကို ကျွန်တော်တို့ကို အသိမပေးရင်သော်လည်းကောင်း၊ ကျွန်တော်တို့ ဒီ အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြလို့ရှိရင် ကျွန်တော်တို့ အခြေအနေ၊ ကိုယ်စားလှယ်တွေအနေနဲ့ ကိုယ့်ရဲ့မေးခွန်းဟာ ဘယ်အနေအထားရောက်နေပြီလဲ ဆိုတာ ကျွန်တော်တို့ သိရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီဟာလေးကို ကျွန်တော်အပြုသဘော အကြံပြုဆွေးနွေးရင်းနဲ့ ဒါ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးကျော်ကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊၁၁း၁၆။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ဒီ ကတိကဝတ်ကော်မတီက မနေ့က တင်သွင်းတဲ့ အစီရင်ခံစာကို ကျွန်တော်အနည်းငယ်လောက် ထောက်ပြပြီးတော့ ဆွေးနွေးချင်ပါတယ်။ ဒီ အစီရင်ခံစာမှာ ကော်မတီရဲ့ ဆောင်ရွက်ချက်များကို အပိုင်း(၃)ပိုင်းခွဲပြီးတော့မှ တင်ပြထားတာတွေ့ရပါတယ်။ အပိုင်း(၁)က အဋ္ဌမပုံမှန်အစည်းအဝေးမှာ မေးခဲ့တဲ့ မေးခွန်းများ၊ အဆိုများနှင့် သက်ဆိုင်ပါတယ်။ အပိုင်း(၂)မှာတော့ အဋ္ဌမပုံမှန်အစည်းအဝေးမှာ စာဖြင့် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများနဲ့ သက်ဆိုင်ပြီး၊ အပိုင်း(၃)မှာတော့ ပထမပုံမှန်အစည်းအဝေးမှသည် သတ္တမပုံမှန်အစည်းအဝေးအထိနှင့် သက်ဆိုင်ပါတယ်။

ကျွန်တော် ဆွေးနွေးမှာကတော့ အစီရင်ခံစာရဲ့စာမျက်နှာ(၅)မှာပါရှိတဲ့ အပိုင်း(၃)ကဏ္ဍဖြစ်ပါတယ်။ အပိုင်း(၃)မှာ ဖော်ပြထားတဲ့ ဇယားအရဆိုရင် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကတိဖြစ်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းက (၁၀၅)ခု ရှိခဲ့ပါတယ်။ (၆၉)ခုက ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါတယ်။ ဆောင်ရွက်ဆဲက (၃၄)ခုဖြစ်ပါတယ်။ လုံးဝကို မဆောင်ရွက်ဘဲ ကျန်နေတာကတော့ (၂)ခု ဖြစ်ပါတယ်။ အဲဒီလို မဆောင်ရွက်ဘဲ ကျန်နေတဲ့ မေးခွန်း(၂)ခုထဲက (၁)ခုက ကျွန်တော်ရဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းကတော့ မြောက်ဦးမြို့နယ်၊ ပျားတိုက်ကျေးရွာရှိ ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ အဲဒါ စတုတ္ထအကြိမ်ပုံမှန်အစည်းအဝေးရဲ့ ၂၄-၈-၂၀၁၀ ရက်နေ့ ပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးပါ့မယ်လို့ ဖြေကြားခဲ့ပါတယ်။ သို့သော် ကျွန်တော်ပဲ ကံဆိုးနေလို့လား၊ ဒါမှမဟုတ် ဒီ တိုက်နယ်ဆေးရုံလိုအပ်နေတဲ့ ဒေသခံတွေပဲ ကံညံ့နေလို့လား မပြောတတ်ပါဘူး။ ကတိပြုထားခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုချက်မှာ

ပါမလာခဲ့ပါဘူး။ ဒီ ကော်မတီရဲ့ ယခင် စတုတ္ထ ပုံမှန်အစည်းအဝေးနဲ့ သက်ဆိုင်တဲ့ အစီရင်ခံစာမှာလည်း ကတိဖြစ်ပေါ်ခဲ့ပြီး မဆောင်ရွက်ဘဲကျန်နေတဲ့ စာရင်းကို ပြုစုဖော်ပြရာမှာလည်း မတွေ့ရပါဘူး။ ဒါကြောင့် ကျွန်တော်က ကော်မတီရဲ့ ဥက္ကဋ္ဌအား အသိပေးပါတယ်။ အသိပေးတော့ ကော်မတီရဲ့ ဥက္ကဋ္ဌက စာနဲ့ တရားဝင်တင်ပြပါလို့ဆိုတော့ ကျွန်တော်ဥက္ကဋ္ဌဆီကို စာနဲ့ တရားဝင်တင်ပြခဲ့ပါတယ်။ ဒီလို တရားဝင်စာဖြင့် ကော်မတီသို့ တင်ပြခဲ့တာကြောင့် ကော်မတီကလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနကို ဆက်သွယ်ပြီး အကြောင်းကြား ဆောင်ရွက်ပေးတဲ့အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပါလာလိမ့်မယ်လို့ ရိုးသားစွာနဲ့ပဲ ကျွန်တော်စောင့်မျှော်ခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာလည်း ပါမလာပါဘူး။ ကျွန်တော်စိတ်ထဲမှာတော့ အစိုးရက ကတိပြုထားရင် ဆောင်ရွက်ပေးရမယ်လို့ ယုံကြည်နေပါတယ်။ ဒါကြောင့် ကျွန်တော် ဆွေးနွေးမှု မရှိခဲ့ပါဘူး။ ဖော်ပြမှုမရှိခဲ့ပါဘူး။ ဒါပေမဲ့ လက်တွေ့မှာဖြစ်မလာဘူး။ ပိုပြီးခက်တာက အစီရင်ခံစာရဲ့ စာမျက်နှာ(၅)၊ အပိုင်း(၃)အောက်မှာဖော်ပြထားတဲ့ ဇယားမှာတော့ ဆောင်ရွက်ရန်ကျန်လို့ ဖော်ပြထားပါတယ်။ သို့သော် ပေးထားတဲ့ CD ခွေမှာကျတော့ကာ ဆောင်ရွက်ဆဲလို့ ဖော်ပြထားတာ တွေ့ရပါတယ်။ လုံးဝဆောင်ရွက်မှု မရှိသေးတာကို ဆောင်ရွက်ဆဲလို့ စာရင်းသွင်းထားတော့ ကျွန်တော်လည်း နားလည်ရခက်ပါတယ်။ အစီရင်ခံစာရဲ့ ဇယားနဲ့ CD မှာဖော်ပြထားချက်ဟာ ကွဲလွဲနေတာ တွေ့ရပါတယ်။ ဘတ်ဂျက်စာရင်းမှာလည်း ခွင့်ပြုငွေ မပါသေးပါဘူး။ တိုက်နယ်ဆေးရုံ လည်း မဆောင်ရွက်သေးပါဘူး။ ဒေသခံပြည်သူလူထုကတော့ TV သတင်းမှတစ်ဆင့် ဒီ တိုက်နယ်ဆေးရုံ ရရှိမယ်ဆိုတာကို ကြား၊ မြင်၊ သိပြီး ဖြစ်နေကြပါတယ်။ သူတို့ ဝမ်းလည်းသာနေကြပါတယ်။ အခုသူတို့က မေးနေကြတော့ ကျွန်တော်ဖြေရမှာ အားမရှိသလို ဖြစ်နေပါတယ်။ သူတို့ရဲ့ ဝမ်းသာမှုကိုလည်း အဆုံးမသတ်စေချင်ပါဘူး။ ကဲ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အမျိုးသားလွှတ်တော် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ဒီ အစီရင်ခံစာဟာ စနစ်ကျပြီး ပြည့်စုံမှုတော့ ရှိလာပါတယ်။

ကွင်းဆင်းစစ်ဆေးမှုတွေလည်း ရှိလာတာတွေ့ရပါတယ်။ ကော်မတီရဲ့ သုံးသပ်ချက်တွေလည်း လက်တွေ့ဆန်လာပြီး မှတ်သားစရာတွေ ပါလာပါတယ်။ နောက်ပြီး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမနှင့် သတ္တမပုံမှန်အစည်းအဝေးတွေရဲ့ မေးခွန်းများ၊ အဆိုများနဲ့ စပ်လျဉ်းပြီး ဝန်ကြီး ဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ဆောင်ရွက်ချက် မှတ်တမ်းများကို ပြန်လည် ဖော်ပြခြင်းဟာ ဒီ အစီရင်ခံစာရဲ့ ထူးခြားမှု ဖြစ်ပါတယ်။

ဒါကြောင့် ပြန်လည်လေ့လာရန် အထောက်အကူပြုပါတယ်။ ဒါကြောင့် ဒီ အစီရင်ခံစာကို ကျွန်တော်ထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၂။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့

ကျွန်တော်နှုတ်ဆက်ပါတယ်။ ကျွန်တော်က ချင်းပြည်နယ်အမှတ်(၉)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရ၏ အာမခံချက်၊ ကတိကဝတ်နဲ့ တာဝန်ခံချက်များ အစီရင်ခံစာကို ကျွန်တော်ထောက်ခံဆွေးနွေးပါမယ်။ အစိုးရ၏ အာမခံချက်၊ ကတိကဝတ်၊ တာဝန်ခံချက် များသည် ဝန်ကြီးဌာနဖြေကြားချက်သည် ကတိကဝတ်များ ဖြစ်ပါသော်လည်း၊ ကတိများဖြစ်ခဲ့သည့် အတိုင်း မဖော်နိုင်သေးတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒီလိုဘာဖြစ်လို့ ဖြစ်ခဲ့ရသလဲဆိုတာ လွှတ်တော်သက်တမ်း(၃)နှစ်ကာလအတွင်း အတွေ့အကြုံနဲ့ယှဉ်ပြီး အတိတ်က ဖြစ်ခဲ့တဲ့ အကြောင်းအရာကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နှင့် အနာဂတ် ကာလများကို ပြည်သူများအတွက် လွှတ်တော်၊ ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများက ပူးပေါင်းဆောင်ရွက်ပြီး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လိုအပ်ချက်များကို ရရှိအောင် ထင်သာမြင်သာရှိတဲ့ ဘယ်လိုပူးပေါင်း ဆောင်ရွက်သင့်တယ်ဆိုတာ အခြေခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဦးတည်ပြီး ကျွန်တော်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ကျန်ခဲ့တဲ့မေးခွန်း၊ ကျွန်တော့်မေးခွန်းများကို ကျန်ခဲ့တဲ့ ကိစ္စများကို ကျွန်တော် မဆွေးနွေးလိုပါဘူး။ ဒီကိစ္စကျတော့ ကျွန်တော့် အစီရင်ခံစာထဲမှာ ဖော်ပြပြီးသား ဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ အချိန်ကို လေးစားသောအားဖြင့် အတိတ်ကဖြစ်ရပ်များကို ကျွန်တော်ဆွေးနွေးပါ့မယ်။ အစီရင်ခံမှာပါတဲ့ ပါလီမန်ဒီမိုကရေစီခေတ် ၁၉၄၈ ကနေ ၁၉၆၀ ခုနှစ်ကြားကာလမှာ ဖြစ်ခဲ့တဲ့ကိစ္စကို ကျွန်တော် မဆွေးနွေးဘဲ ကျွန်တော်တို့ခေတ် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် ပုံမှန် အစည်းအဝေးတုန်းက ဒီလွှတ်တော်မှာ အမေးအဖြေကိစ္စမှာ ဆွေးနွေးသွားတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ပထမပုံမှန် အစည်းအဝေး၊ ဒုတိယပုံမှန်အစည်းအဝေးနဲ့ တတိယပုံမှန်အစည်းအဝေးတုန်းက မေးခွန်းတွေကို ဝင်မေးတဲ့အခါမှာ ဝန်ကြီးက မေးမြန်းစရာမလိုဘူး။ ဒီမေးခွန်းဟာ အစိုးရက ဆောင်ရွက်ပြီးသား ကိစ္စဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မေးမြန်းစရာမလိုဘူး။ ပြန်လည်ရုတ်သိမ်း ပေးစေချင်ပါတယ် စသည်ဖြင့်ပြောခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အသီးသီးကိုလည်း တချို့က (၁၀)တန်းမအောင်၊ ထဆိုထ၊ ထိုင်ဆိုထိုင်၊ ဘာမှနားမလည် စတဲ့ အပြောအဆိုမျိုးနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို တစ်ချိန်က ခံခဲ့ရပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအပေါ် အထင်သေး၊ အမြင်သေး ရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ မေးမြန်းချက်၊ ကတိကဝတ်များဟာလည်း ဝန်ကြီးဌာနက အရေးမယူ၊ မဆောင်ရွက်ခဲ့တာဖြစ်ကြောင်း တစ်စိတ်တစ်ဒေသဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။

ဥပမာ- ကတိဖြစ်ခဲ့တဲ့၊ ကျွန်တော်တို့ဒေသမှာ ကတိဖြစ်ခဲ့တဲ့ မတူပီမြို့နယ်၊ ပျားနတ်တောင် ပွိုင့် ၈၉၆၉ Micro Wave Tower ကိစ္စဟာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန်ဆိုပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နေပြည်တော်မှ ကွင်းဆင်းတိုင်းတာပြီး အသိအမှတ်ပြုခဲ့ပါတယ်။ ပြည်နယ်အစိုးရကို တာဝန်ပေးပြီး ပြည်နယ်အစိုးက ကန်ထရိုက်နဲ့ ခေါ်ပါတယ်။ ကန်ထရိုက်များ ခေါ်ပြီးတော့ လုပ်ငန်းများစတင်ရန် ဆောင်ရွက်တဲ့အခါမှာ ဗဟိုဝန်ကြီးဌာနကလည်း ဘတ်ဂျက်ငွေ မလွှဲပေးဘူးဆိုပြီးတော့ လုပ်ငန်းမဆောင်ရွက်နိုင်ဘဲ ဖြစ်ပါတယ်။ အဲဒါကိုယနေ့တိုင်အောင်ပဲ

မဆောင်ရွက်နိုင်ဘဲ ဖြစ်တဲ့အတွက် မကြာခင် ကတိကဝတ်မှာ သွားမေးတဲ့အခါမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပါဝင်နိုင်အောင် ပြန်လည်ဆောင်ရွက်ပေးမယ်လို့ ပြန်လည်ဖြေကြားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ လွှတ်တော်များရဲ့ မေးခွန်းနဲ့ ဝန်ကြီးဌာန၏အဖြေဟာ သဟဇာတ မဖြစ်ခဲ့ပါဘူး။ မဖြစ်ခဲ့တာ တချို့ရှိခဲ့ပါတယ်။ ကတိကဝတ်ဖြစ်ခဲ့တဲ့ လုပ်ငန်းတချို့ဟာ ကြန့်ကြာမှုရှိခဲ့တာ ဖော်ပြရင် အများကြီးရှိပါတယ်။ ကျွန်တော့်ကိစ္စမှာတောင်မှ ဒီမှာ မေးခွန်း(၅)ခုရှိပါတယ်။ ဒါကိုမဖော်ပြတော့ပါဘူး။ ဒါပေမဲ့ လွှတ်တော်ဥက္ကဋ္ဌများက လွှတ်တော်များ၏ မေးမြန်းချက်များသည် မေးမြန်းသင့်သည့် မေးခွန်းများကိုသာမေးရန်နှင့် ဝန်ကြီးဌာနကလည်း လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို နားကြားကောင်းအောင် ဖြေကြားသင့်ကြောင်း လမ်းညွှန်မိန့်ကြားချက်ကြောင့် နဝမပုံမှန်အစည်းအဝေးဟာ တစ်ဖက်နဲ့တစ်ဖက် အဆင်ပြေကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနများကလည်း လွှတ်တော်ကိုယ်စားလှယ်များ အပေါ်သို့ ပိုမိုနားလည်မှု ထားပေးပြီးကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်များကလည်း လုပ်ငန်း အခြေအနေများကို အတွင်းကျကျလေ့လာဖို့ လိုအပ်ပါတယ်။ အစီရင်ခံစာမှာဖော်ပြတဲ့အတိုင်းပဲ လွှတ်တော်ကိုယ်စားလှယ်များကလည်း ထပ်မံနှိုးဆော်သတိပေးရန် လိုအပ်တယ်လို့ ဖော်ပြထားတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ လုပ်ငန်းအခြေအနေများကို အတွင်းကျကျလေ့လာဖို့ ရာနှုန်းပြည့် လိုအပ်သလို၊ လိုအပ်ခြင်း ဖြစ်ပါတယ်။ ဥပမာ- အိန္ဒိယအကူအညီဖြင့် ချင်းပြည်နယ်မှာ တံတား(၅)စင်း တည်ဆောက်ပေးဖို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ (၅)နှစ်အတွင်း ဆောင်ရွက်ရန်ဖြစ်ပါတယ်။ အဲဒါကို ယနေ့တိုင် မဆောင်ရွက်သေးတဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရော၊ ပြည်သူများကပါ မကျေမနပ်နဲ့ ပြောကြတယ်။ ကျွန်တော် ဝန်ကြီးဌာနကို အသေးစိတ်သွားမေးတဲ့အခါမှာ အိန္ဒိယကူငွေ၊ ဘတ်ဂျက်ငွေဟာ တစ်လုံးတစ်ခဲတည်း တစ်ခါတည်းမပေးဘူး။ နည်းနည်းစီ၊ နည်းနည်းစီပေးတဲ့အတွက် ပေးသလောက်နဲ့ပဲ ကျွန်တော်တို့ ဆောင်ရွက်တယ်။ JACA, Japan တို့လို အလုံးအခဲမပေးဘူး။ ဒါကြောင့် ဒီလိုကြန့်ကြာရခြင်း ဖြစ်တယ်လို့ ကျွန်တော်တို့ အသေးစိတ် ဒုတိယဝန်ကြီးက ရှင်းပြတဲ့အခါမှာ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် လုပ်ငန်းအတွင်းကို သိရှိဖို့လိုတယ်ဆိုတာကို ကျွန်တော် ဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မေးခွန်းမေးတဲ့အခါမှာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီးဌာန အသီးသီးရဲ့ လာဖြေကြားတဲ့အခါမှာ တချို့က ဘဏ္ဍာရေးနှစ်အတွင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ပေးပါ့မယ်လို့ ဖြေကြားတာရှိသလို၊ တချို့ကျတော့ ဘဏ္ဍာရေးနှစ်အတွင်းမှာ စီမံကိန်းတွင် ပါဝင်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလို့ ဖြေကြားတာလည်း ရှိပါတယ်။ အဲဒါဟာ ကြယ်ပွင့်မပြမေးခွန်းတွေ များသောအားဖြင့် ဖြေကြားပါတယ်။ အဲဒါမျိုးကျတော့ ကျွန်တော်တို့ ရေဒီယိုမှာ နားထောင်တယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များကရော၊ ပြည်သူများကလည်း ရလိမ့်မယ်လို့ ဒီလိုထင်တယ်။ တကယ့်တကယ်ကျ ဝန်ကြီးဌာနကို သွားမေးတဲ့အခါမှာ ခင်ဗျားတို့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဖြေကြားချက်ကို အားနာတာနဲ့ ချက်ချင်းမရသေးတဲ့ကိစ္စကိုနဲ့ စီမံကိန်းတွင်မပါ သေးတဲ့ကိစ္စကို ရကောင်းရပါလိမ့်မယ်ဆိုပြီးတော့ ကျွန်တော်တို့က ဖြေကြားခြင်း

ဖြစ်ပါတယ်။ ဖြေကြားပြီးတော့မှ တကယ့်တကယ် ဒီစီမံကိန်းတွေ ထည့်သွင်းစဉ်းစားမယ့် ဝန်ကြီးအဖွဲ့နဲ့ အမျိုးသားစီမံကိန်း ဝန်ကြီးဌာနနဲ့ ညှိနှိုင်းတဲ့အခါမှာ ဒီကိစ္စများ မပါနိုင်တာတွေရှိပါတယ်တဲ့။ စီမံကိန်းတွေမပါတာဟာ၊ ဥပမာ- ဒီနှစ်မှာ ဆေးရုံ၊ တိုက်နယ်ဆေးရုံ စသည်ဖြင့် စုစုပေါင်း တစ်ပြည်လုံးမှာ (၁၂၁)လျာထားတဲ့ အထဲမှာ အဲဒါအားလုံး အစီအစဉ်မှာ မပါဝင်နိုင်ဘူးတဲ့။ ဒါပေမယ်လို့ လွှတ်တော်ကိုယ်စားလှယ်များ ဖြေကြားချက်အရ လောလောဆယ် ဖြေကြားချက်အပေါ်မှာ မရတဲ့၊ ဘတ်ဂျက်မပေးနိုင်တဲ့၊ အစီအစဉ် မချနိုင်တဲ့ကိစ္စတွေဖြစ်တယ်လို့ ဖြေကြားပါတယ်။ အဲဒါလည်း ကျွန်တော်တို့ လွှတ်တော်ပိုင်း အနေနဲ့လည်းနားလည်ဖို့ရာလိုအပ်ပါတယ်။

ထိုနည်းအတိုင်းပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့များ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းတဲ့မေးခွန်းကို ဝန်ကြီးဌာနက၊ သမ္မတရုံးကလည်း သေသေချာချာဖတ်ရှုလေ့လာဖို့လည်း လိုအပ်ပါတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဥပမာတစ်ခုပြောရရင် ကျွန်တော်မေးခွန်းမေးခဲ့ပါတယ်။ ကြယ်ပွင့်မပြမေးခွန်းနဲ့ န.ဝ.တ လက်ထက်မှာ ကျေးရွာများ၌ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ဖူးသူများကို ခံစားခွင့်တစ်ခုခု နိုင်ငံတော်က စီစဉ်ပေးခြင်း ရှိ/မရှိ မေးမြန်းခဲ့ပါတယ်။ ကျွန်တော်ပြောတာက ပင်စင်မပါဘူး၊ ခံစားခွင့်တစ်ခုခု၊ သို့သော် သမ္မတရုံး(၁)က ပြန်လည်ဖြေကြားရာမှာ ပင်စင်ကိစ္စ ဥပဒေမရှိသေးပါကြောင်းဟု ဖြေကြားပါတယ်။ အဲဒီတော့ အမှန်တော့ လွှတ်တော်ကိုယ်စားလှယ်မှာ ဝန်ကြီးတစ်ဦး၏ ဖြေကြားချက်အပေါ်မှာ ပြန်လှန်မေးခွန်းကို ချက်ချင်းမေးရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်က ဝန်ကြီးရဲ့မေးခွန်းဟာ လွဲမှားနေကြောင်း ဖြေကြားရာမှာ ဝန်ကြီးရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းသောအားဖြင့် ကျွန်တော် မမေးမြန်းပဲနေတာ ဖြစ်ပါတယ်။ ကျွန်တော်မမေးမြန်းဘဲနဲ့ ဝန်ကြီးနောက်ကိုလိုက်ပြီးတော့ ဝန်ကြီး ကျွန်တော်မေးတာက ပင်စင်ကိစ္စမဟုတ်ဘူး။ ခံစားခွင့်တစ်ခုခုပဲ ကျွန်တော်မေးမြန်းခြင်း ဖြစ်ပါတယ်လို့ ပြောတဲ့အခါမှာ ဟာ လောလောဆယ်တော့ မလုပ်ပေးနိုင်ဘူး၊ ဥပဒေမရှိဘူး၊ ကျွန်တော် မဆောင်ရွက်ပေးနိုင်တဲ့အတွက် သကြားလုံးတစ်လုံးပဲ ပေးနိုင်တယ်တဲ့ ကျွန်တော့်ကို သကြားလုံးတစ်လုံးပေးတယ်။ ဆိုတော့ ကျွန်တော်က သူကလည်း အမှုမဲ့ အမှတ်မဲ့ ခင်မင်ပြီးတော့ ပေးတယ်ပဲ ကျွန်တော်ထင်တယ်။ သို့သော် ပြန်စဉ်းစားတဲ့အခါမှာ ပြည်သူ့ ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဘာပဲဖြစ်ဖြစ် တစ်နည်းပြောရမယ်ဆိုရင် ဗမာလူမျိုးအချင်းချင်း ဒီလို လုပ်မလား၊ တိုင်းရင်းသားကိုယ်စားလှယ် တစ်ယောက်ယောက်များဖြစ်လို့ အထင်သေး အမြင်သေးနေလို့ ဒီလိုလုပ်တယ်လို့ ကျွန်တော်ခံစားတယ်။ ဒီတော့အခုန ကတိကဝတ် မဖြစ်ဘူး။

ကျွန်တော်အများကြီး ဆွေးနွေးရတာဟာ ကတိကဝတ် မဖြစ်ဘူးဆိုတဲ့ကိစ္စဟာ အခုလိုကိစ္စ အများကြီးပါတယ်။ ဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကို အထင်သေးခြင်း သို့မဟုတ် မေးမြန်းတဲ့ အချက်အလက်များကို မပြည့်စုံခြင်း၊ မလိုအပ်ခြင်း စသည်ဖြင့် ပါကောင်းပါနိုင်ပါတယ်။ သို့သော် ဝန်ကြီးဌာနအနေနှင့် ပြည်သူ့ကိုယ်စားလှယ်တစ်ဦး ဖြစ်တဲ့အတွက် ပြည်သူ့ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်သည် ကိုယ့်ဟာနဲ့ကိုယ်ထပြီးတော့ စိတ်ကူးပေါက်တာ မေးမြန်းတာ မဟုတ်ပါဘူး။ ပြည်သူ များရဲ့ တကယ်တင်ပြချက်အရ ဒါတော့မေးပေး ပေးပါ။ ဒါတော့လိုအပ်ပါတယ်ဆိုတဲ့ တင်ပြချက်ကို သူတို့ ပြည်သူ့ကိုယ်စား လာပြောတဲ့ကိစ္စကို ပေါ့ပေါ့တန်တန် မေးခွန်းကိုလည်း မဖတ်ဘူး။ တချို့ဝန်ကြီး ဌာနဆိုရင်လည်း အောက်က စာရေးကြီးတွေ ပထမအချိန်တုန်းက ပြောသလိုဆိုရင် ရုံးအုပ်တစ်အုပ်

သို့မဟုတ် အောက်ခြေကအရာရှိတစ်ဦးကို အစီရင်ခံစာရေးခိုင်းတယ်။ ကျွန်တော်ကိုယ်တိုင် ကိုယ်တွေ့ပါ။ မေးတဲ့အခါမှာ ကျွန်တော့်ကိုဝန်ကြီးကရေးခိုင်းတယ်။ မင်းတို့ရေးပါ။ ဒါ မင်းတို့ လွှတ်တော်ကိုယ်စားလှယ်က မေးမြန်းတဲ့အခါမှာ ဖြေရမယ့်ကိစ္စဖြစ်တဲ့အတွက် မင်းတို့ရေး၊ ငါယူသွားမယ် မနက်ဖြန်လို့ ပြောတဲ့အတွက် ငါပဲရေးပေးလိုက်တယ်တဲ့ အဲဒီတော့ မေးခွန်းကိုလည်း သေချာကိုယ်တိုင် မကြည့်ဘဲနဲ့ ခုနကလို နမူနာပြောတာ ကျွန်တော်မေးတာက ပင်စင်ကိစ္စလုံးဝမပါဘူး။ ခံစားခွင့်တစ်ခုခုလို့ ကျွန်တော် မေးခြင်းဖြစ်တယ်။ အဲဒီလိုဟာမျိုးကို သေချာမလေ့လာဘဲနဲ့ မေးတဲ့အခါမှာ ကျွန်တော်တို့ ပြည်သူများရဲ့ အထင်သေးအမြင်သေးလည်း ခံရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ နိုင်ငံတော်သမ္မတ လမ်းညွှန်ချက်အရ Delivery အဖွဲ့ပေါ်ရှိပြီး မြို့နယ်အသီးသီးမှာလည်း ကော်သုံးကော် ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ မြို့နယ်အသီးသီးရှိ ကော်သုံးကော် ကော်မတီကလည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပြီးညှိနှိုင်း ဆောင်ရွက်ပါလို့ Delivery အဖွဲ့က လမ်းညွှန်ကြားတာကို သိရပါတယ်။ အဲဒီလိုနဲ့ပဲ ကျွန်တော်တို့ ဒေသဆိုင်ရာ ဝန်ကြီးဌာနအချို့ကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် နားလည်ပေးပါတယ်။ သမ္မတရုံးကလည်း အမိန့်စာနဲ့ ညွှန်ကြားပါတယ်။ မကြာခင်ကပဲ နယ်စပ်ရေးရာ ဝန်ကြီးဌာနက ကျွန်တော် အပါအဝင် လက်နက်ကိုင်တိုင်းရင်းသားရေးရာ ကော်မတီများကို ခေါ်ယူပြီးတော့ သူတို့ရုံးမှာ ဖွံ့ဖြိုးရေးကိစ္စများ၊ လမ်းတံတားကိစ္စများကို ခင်ဗျားတို့ ဒေသဆိုင်ရာကိုယ်တိုင် ဒါတိုက်ရိုက် ပါဝင်နိုင်စေရေးအတွက် လိုအပ်တဲ့အတွက် ခင်ဗျားတို့ကိုလာရောက် ခေါ်ယူပြီးတော့ လုပ်ငန်းအပ်နှံခြင်း ဖြစ်တယ်ဆိုပြီးတော့ ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ခေါ်ပြီးတော့ အစည်းအဝေး လုပ်တယ်။ အဲဒီအဓိပ္ပာယ်ကတော့ ကျွန်တော်တို့ကိုတိုက်ရိုက်ပါဝင်နိုင်အောင် လွှတ်တော်ကိုယ်စားလှယ် များ သို့မဟုတ် တာဝန်ရှိတဲ့ ဒေသဆိုင်ရာလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်းပဲ ပူးပေါင်းစည်းရုံး နေတယ် ဆိုတာကို ကျွန်တော်တို့ တွေ့ရတဲ့အတွက် အလားအလာ ကောင်းတယ်ဆိုတာကို ကျွန်တော် ဖော်ပြလိုခြင်း ဖြစ်တယ်။ သို့ပါ၍ ကျန်ရှိတဲ့ လွှတ်တော်သက်တမ်း (၂)နှစ်ကျော်မှာ အနာဂတ်ကာလမှာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏လိုလားချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အစိုးရ၏ အာမခံချက်များ ကတိကဝတ်များနှင့် တာဝန်ခံချက်များ အစီရင်ခံစာကို အောင်မြင်ပါစေလို့ ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဦးပေါ်လျှံလွင် မေးတဲ့ ခံစားခွင့်တစ်ခုခုကိုဆိုတာလည်း တကယ်တော့ ဥပဒေ ရှိမှ ပေးလို့ရမှာ၊ ဥပဒေ မရှိဘဲနဲ့တော့ အစိုးရက ပေးလို့မရဘူး။ ဒါကြောင့်မို့လို့ ဝန်ကြီး ဖြေတာလည်း မမှားပါဘူး။ ပင်စင်ရယ်လို့ မဟုတ်ဘဲနဲ့ တခြားခံစားခွင့်ဆိုလည်း ဥပဒေတစ်ခုခုတော့ ရှိရမယ်။ ချီးမြှင့်ငွေပဲဖြစ်ဖြစ်၊ ဆုငွေပဲဖြစ်ဖြစ်ပေါ့။ ဒီလိုရှိမှရမှာပေါ့။ ကောင်းပြီ။ ထိုင်ပါ။ အဲဒီတော့ အခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်သက်တမ်း(၃)နှစ်ကျော်လာပါပြီ။ (၂)နှစ် ကျန်တာပေါ့။ ကတိကဝတ်တွေကို အာမခံချက်တွေကို အကောင်အထည်ဖော်တာက အမျိုးသားစီမံကိန်း ဥပဒေကြမ်းနဲ့ အစိုးရအဖွဲ့ရဲ့ ရသုံးဥပဒေကြမ်း၊ ဘတ်ဂျက်ဥပဒေကြမ်းနဲ့ အကောင်အထည် ဖော်ရတာ အခု ၁၄-၁၅ ဘတ်ဂျက်မှာ မပါဘူးဆိုရင် နောက်ထပ်ကျန်တာသည် ၁၄-၁၅ နောက်ဆက်တဲ့

တောင်းခံငွေမှာ ကျန်တယ်။ ၁၅-၁၆ ဘတ်ဂျက် ဒါပဲ ကျန်တော့တယ်။ အဲဒီမှာမှ မပါလို့ရှိရင် လွှတ်တော် Session ပြီးသွားတဲ့အခါမှာ အကြွေးတွေကျန်ပြီးတော့မှ ဒီဥစ္စာကမကောင်းတဲ့ အနေအထား ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကို အစိုးရရဲ့ အာမခံချက်၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ဒီနေ့ ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေကို မှတ်သားပြီးတော့မှ ဒါလေးကို ရှင်းနိုင်အောင် အခုမပါသေးဘူးလား၊ မပါသေးရင် နောက်ဆက်တွဲ ၁၄-၁၅ နောက်ဆက်တွဲမှာ ပါမလား။ ၁၄-၁၅ မှာ မပါလို့ရှိရင် ၁၅-၁၆ ဘတ်ဂျက် (၁၅-၁၆ နောက်ဆက်တွဲ) အဲဒီမှာ ခုန လက်ကျန် အကုန်လုံး ရှင်းနိုင်အောင် လွှတ်တော်သက်တမ်းလည်းကုန် ကတိကဝတ်တွေ အားလုံးပြီးပြတ်ဖြစ်အောင် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ပါ အစည်းအဝေးလုပ်၊ သက်ဆိုင်ရာဌာနနဲ့ညှိနှိုင်း၊ တကယ်လို့ အခက်အခဲရှိလို့ ကျွန်တော့်ကို တင်ပြစရာရှိရင်လည်း တင်ပြပေးပါ။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ သတ္တမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာနှင့် ကော်မတီ၏ ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ သတ္တမပုံမှန် အစည်းအဝေး အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာနဲ့ ကော်မတီရဲ့ ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးခင်မောင်ဌေး (အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော်အစိုးရရဲ့ အာမခံချက်များ၊ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ သတ္တမပုံမှန်

အစည်းအဝေးအထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာနှင့် ကော်မတီ၏ စိစစ်ချက် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုကို ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၁၀)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဌေး က ကော်မတီရဲ့ ကိုယ်စား အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၈)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၈) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ တင်သွင်းတဲ့ အဆိုနဲ့ မေးခွန်းများ လက်ခံခြင်းကို ၁၇-၃-၂၀၁၄ ရက်နေ့ (တနင်္လာနေ့)ယနေ့မှစ၍ ပိတ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၁။**

**အခမ်းအနားမှူး**။ ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၁း၄၁ နာရီအချိန်တွင် ရပ်နားပါသည်။]